WORLD KACHIN CONGRESS

WKC

contact@wkckachin.org

# မြန်မာနိုင်ငံတွင် တရားမျှတမှုနှင့် တာဝန်ယူမှု/ တာဝန်ခံမှုရရှိရေးတို့အတွက် ပြည်ပရောက် ကချင်လူမျိုးများ၏ တောင်းဆိုထုတ်ပြန်ကြေညာချက်

၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၂၁ ရက်

၁။ မြန်မာနိုင်ငံဆိုင်ရာလွတ်လပ်သောနိုင်ငံတကာအချက်အလက်ရှာဖွေရေးအထူးအဖွဲ့ IFFM မှထုတ်ပြန်သော အစီရင်ခံစာအပြည့်အစုံပါ ရခိုင်ပြည်နယ်မှ ရိုဟင်ဂျာများအား လူမျိုးတုန်းသတ်ဖြတ်ခြင်းအပါအဝင် ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်အတွင်းမှ လူနည်းစုတိုင်းရင်းသားမျိုးနွယ်စုများအပေါ် ကျူးလွန်ခဲ့သည့် စစ်ရာဇဝတ်မှုများ၊ လူသားမျိုးနွယ်အပေါ် ကျူးလွန်သည့် ရာဇဝတ်မှုများနှင့်ပတ်သက်သော ရှာဖွေတွေ့ရှိချက်များအား ကြိုဆိုပါသည်။ ဆယ်စုနှစ်များစွာကြာအောင် ကြုံတွေ့ခံစားခဲ့ရသည့် ကျွန်ုပ်တို့၏ နှိုင်းဆပြောပြ၍ မရနိုင်အောင် များပြားလှသော ဆင်းရဲဒုက္ခအဝဝကို ဤအစီရင်ခံစာအားဖြင့် တရားဝင်အတည်ပြုပေးနိုင်ခဲ့ပြီဖြစ်သည်။

၂။ ရိုဟင်ဂျာများကို မြန်မာနိုင်ငံမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ အဓမ္မပြည်နှင်ဒဏ်ပေးသည်ဟု စွပ်စွဲချက် များနှင့်ပတ်သက်၍ တရားစီရင်ပိုင်ခွင့်ရှိသူ အစိုးရရှေ့နေများမှ အကြိုစုံစမ်းစစ်ဆေးမှုများပြုလုပ်နိုင်ရန် အမှုဖွင့်လိုက်သည်ကို လက်ခံဖို့အတွက် နိုင်ငံတကာရာဇဝတ်တရားရုံး ICC သက်ဆိုင်ရာတရားသူကြီးများ၏ ဆုံးဖြတ်ချက်ကို ကျွန်ုပ်တို့မှလည်း ထပ်တူထောက်ခံပါသည်။

၃။ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်အား ကျူးကျော်တိုက်ခိုက်သည့်အချိန်များအတွင်း အလွန်ရက်စက်ကြမ်းကြုတ်ယုတ်မာသည့်လုပ်ရပ်များကို အစုလိုက်အပြုံလိုက်ကျူးလွန်ခဲ့သော ဗမာစစ်တပ်အား တိုင်းရင်းသားလူနည်းစုများ၏ နယ်နိမိတ်အတွင်းမှထွက်ခွာပေးရန်နှင့် နိုင်ငံရေးအာဏာရယူစွက်ဖက်ထားမှုများမှ ဖယ်ရှားပေးနိုင်ရန် လုပ်ပိုင်ခွင့်အာဏာရှိသော ဆုံးဖြတ်ချက်တစ်ရပ်ကို အတည်ပြုချမှတ်ပေးရန် ကုလသမဂ္ဂလုံခြုံရေးကောင်စီအား ကျွန်ုပ်တို့မှ တောင်းဆိုသည်။

၄။ ကုလသမဂ္ဂ၏ ပဋိညာဉ်စာတမ်းအား လေးစားလိုက်နာရန်နှင့် လက်ရှိအခြေခံဥပဒေအားဖျက်သိမ်း၍ အချုပ်အချာအာဏာကို ဖယ်ဒရယ်စနစ်ဖြင့် ခွဲဝေသုံးစွဲနိုင်ရန် ပြုလုပ်ခြင်းအားဖြင့် ကမ္ဘာ့အရှည်ကြာဆုံးသွေးထွက်သံယိုသတ်ဖြတ်နေခြင်းများကို ရပ်တန့်စေရန် အကူအညီဖြစ်စေမည့်လမ်းပြမြေပုံကို ပြဋ္ဌာန်းအတည်ပြုပေးရန် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများအား ကျွန်ုပ်တို့မှ အနူးအညွတ်ပန်ကြားသည်။

**မီဒီယာများမှဆက်သွယ်ရန်။**

၁။ မွန်းနေလီ (ထိုင်း)၊ Email: kwat.secretariat@gmail.com, Phone: +66 88-260-6417

၂။ အင်ဆန်ဂွန်ဆန် (အမေရိကန်)၊ Email: gumsan@kachinalliance.org, Phone: +1 443-415-8683